# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

October 13, 2020 Volume 36, Number 9


**၁၃.၁၀.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၁၄ US$ |
| မြန်မာ့ရွှေဈေး | = ၁၃၁၁၀၀၀ |
| ဒေါ်လာဈေး | = ၁၃၁၃/- ကျပ် |
| CBM Rate | = ၁၂၉၂.၈ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၂၄.၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၅၂.၀၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၆၈၉.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၃၀.၇၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၁.၉၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၇.၆၃၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၂.၈၀ ကျပ် |
| မလေးရှားရင်းဂစ် | =၃၁၂.၀၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၁.၅၄၂ ကျပ် |

Source: CBM Rate, etrademyanmar.com

## ကမ္ဘာ့ရွှေဈေး ၁၉၂၅ ဒေါ်လာဝန်းကျင်ဖြစ်ပေါ်ပြီး ပြည်တွင်းရွှေဈေးနှုန်း ကျပ် ၁၃၁၂၀၀၀ ဝန်းကျင်ရှိနေ



၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၁၂ ရက်တွင် ကမ္ဘာ့ရွှေဈေး ၁၉၂၅ ဒေါ်လာ ဝန်းကျင်ဖြစ်ပေါ်ခဲ့ပြီး ပြည်တွင်းရွှေဈေးနှုန်း ကျပ် ၁၃၁၂၀၀၀ ဝန်းကျင် ရှိခဲ့ကြောင်း ရွှေရောင်းဝယ်သူများထံမှ သိရသည်။ ပြည်တွင်းရွှေဈေးနှုန်းသည် ၂၀၁၉ ခု နှစ် ဇန်နဝါရီ ၃ ရက်တွင် ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၀ ရက်၌ဖြစ်ပေါ်ခဲ့သော ကျပ် ၁၀၄၇၇၀၀ စံချိန်ကို ကျပ် ၁၀၄၈၅၀၀ ဖြင့် ကျော်ဖြတ်ခဲ့ပြီး စံချိန်သစ်များ ဆက်တိုက်တင်ခဲ့ကာ ဇန်နဝါရီ ၃၁ ရက်တွင် ကျပ် ၁၀၆၃၀၀၀ အထိ ဖြစ်ပေါ်ခဲ့သည်။

ထို့နောက် ရွှေဈေးများ ဆက်လက်မြင့်တက်ခဲ့ရာ ဖေဖော်ဝါရီ ၂၀ ရက်တွင် ကျပ် ၁၀၈၅၀၀ အထိ၊ ၂၀၁၉ ခုနှစ် ဇွန် ၂၀ ရက်တွင် ကျပ် ၁၁၀၁၀၀၀ အထိ၊ ဇူလိုင် ၁၁ ရက်တွင် ကျပ် ၁၁၃၆၀၀၀ အထိ၊ ဇူလိုင် ၂၅ ရက်တွင် ကျပ် ၁၁၅၀၀၀၀ အထိ မြင့်တက်ခဲ့သည်။ ဩဂုတ်လအတွင်းတွင်လည်း စံချိန်သစ်များ ဆက်တိုက်ဖြစ်ပေါ်ခဲ့ပြီး ဩဂုတ် ၃ ရက်တွင် ကျပ် ၁၁၅၄၉၀၀၊ ဩဂုတ် ၇ ရက်တွင် ကျပ် ၁၂၀၃၀၀၀၊ ဩဂုတ် ၁၃ ရက်တွင် ကျပ် ၁၂၃၇၀၀၀၊ ဩဂုတ် ၂၆ ရက်တွင် ကျပ် ၁၂၄၉၀၀၀၊ ဩဂုတ် ၂၉ ရက်တွင် ကျပ် ၁၂၆၃၀၀၀၊ စက်တင်ဘာ ၄ ရက်တွင် ကျပ် ၁၂၈၂၀၀၀၊ စက်တင်ဘာ ၅ ရက်တွင် ကျပ် ၁၃၁၅၀၀၀ အထိ စံချိန်သစ်များ တင်ခဲ့ခြင်းဖြစ်သည်။

ထို့နောက် ၁၁ လအကြာ ၂၀၂၀ ပြည့် နှစ် ဩဂုတ် ၅ ရက်တွင် ကျပ် ၁၃၁၈၀၀၀၊ ဩဂုတ် ၇ ရက်တွင် ကျပ် ၁၃၃၅၅၀၀ ဖြင့် ယခင်စံချိန်များကို ကျော်လွန်၍ စံချိန်သစ် ထပ်မံမြင့်တက်ခဲ့ခြင်းဖြစ်သည်။ ပြီးခဲ့သည့် ခြောက်လအတွင်း လအလိုက်အနိမ့်ဆုံးနှင့် အမြင့်ဆုံးရွှေဈေးနှုန်းများမှာ ၂၀၂၀ ပြည့်နှစ် ဧပြီတွင် ကျပ် ၁၁၄၅၀၀၀–၁၁၉၄၀၀၀၊ မေတွင် ကျပ် ၁၁၆၉၅၀၀– ၁၂၃၆၀၀၀၊ ဇွန်တွင် ကျပ် ၁၂၀၇၅၀၀–၁၂၂၀၀၀၀၊ ဇူလိုင်တွင် ကျပ် ၁၂၁၆၀၀၀–၁၃၀၂၀၀၀၊ ဩဂုတ်တွင် ကျပ် ၁၂၇၅၀၀၀–၁၃၃၅၅၀၀၊ စက်တင်ဘာတွင် ကျပ် ၁၂၉၈၀၀၀–၁၃၂၀၀၀၀ ဖြစ်သည်။

**Source:** https://news-eleven.com/article/195335

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ခန့်မှန်းထားသည့် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း ၆ ဒသမ ၇၁ ရာခိုင်နှုန်းထက် အောက်တိုဘာမှဇူလိုင်အထိ လစဉ်မြင့်တက်ခဲ့ပြီး ဩဂုတ်တွင်ခန့်မှန်းနှုန်းအောက် ပြန်လည်ကျဆင်းလာ



၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ခန့်မှန်းထားသည့် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း ၆ ဒသမ ၇၁ ရာခိုင်နှုန်းထက် အောက်တိုဘာမှ ဇူလိုင်အထိ လစဉ်မြင့်တက်ခဲ့သော်လည်း ဩဂုတ်တွင် ခန့်မှန်းနှုန်းအောက် ပြန်လည်ကျဆင်းခဲ့ကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သော စာရင်းများအရသိရသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း ၆ ဒသမ ၆၅ ရာခိုင်နှုန်းနှင့် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း ၆ ဒသမ ၇၁ ရာခိုင်နှုန်း ရှိမည်ဟုခန့်မှန်းထားပြီး ၂၀၁၉ ခုနှစ် အောက်တိုဘာတွင် ၈ ဒသမ ၆၀ ရာခိုင်နှုန်း၊ နိုဝင်ဘာတွင် ၈ ဒသမ ၅၉ ရာခိုင်နှုန်း၊ ဒီဇင်ဘာတွင် ၈ ဒသမ ၈၁ ရာခိုင်နှုန်း၊ ဇန်နဝါရီတွင် ၉ ဒသမ ၀၆ ရာခိုင်နှုန်း၊ ဖေဖော်ဝါရီတွင် ၉ ဒသမ ၂၀ ရာခိုင်နှုန်း၊ မတ်တွင် ၉ ဒသမ ၁၀ ရာခိုင်နှုန်း၊ ဧပြီတွင် ၈ ဒသမ ၈၀ ရာခိုင်နှုန်း၊ မေတွင် ၈ ဒသမ ၃၅ ရာခိုင်နှုန်း၊ ဇွန်တွင် ၇ ဒသမ ၉၁ ရာခိုင်နှုန်း၊ ဇူလိုင်တွင် ၇ ဒသမ ၁၄ ရာခိုင်နှုန်း၊ ဩဂုတ်တွင် ၆ ဒသမ ၄၃ ရာခိုင်နှုန်းဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းသည် ၂၀၁၈ ခုနှစ် ဧပြီမှစ၍ ၂၀၁၉ ခုနှစ် စက်တင်ဘာအထိ ၁၈ လ ဆက်တိုက်မြင့်တက်ခဲ့သည်။ ၂၀၁၉ ခုနှစ် အောက်တိုဘာနှင့် နိုဝင်ဘာတွင် အနည်းငယ်ပြန်ကျပြီး ၂၀၁၉ ခုနှစ် ဒီဇင်ဘာ၊ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီနှင့် ဖေဖော်ဝါရီတွင် ပြန်လည်မြင့်တက်ခဲ့ကာ မတ်၊ ဧပြီ၊ မေ၊ ဇွန်၊ ဇူလိုင်နှင့် ဩဂုတ် (ခြောက်လဆက်တိုက်) တွင် ပြန်ကျခဲ့သည်။ ၂၀၂၀ ပြည့်နှစ် ဩဂုတ်လအထိ ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း (Annual Rate of Inflation) မှာ ၆ ဒသမ ၄၃ ရာခိုင်နှုန်းဖြစ်ပြီး အစားအစာအုပ်စုနှင့် လောင်စာဆီဈေးနှုန်းများမပါဝင်ဘဲ တွက်ချက်ထားသော ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း (Annual Rate of Inflation-Core Inflation) မှာ ၁၁ ဒသမ ၉၆ ရာခိုင်နှုန်းရှိသည်။ နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း (Year on Year Inflation) မှာ ၁ ဒသမ ၈၄ ရာခိုင်နှုန်းဖြစ်ပြီး အစားအစာအုပ်စုနှင့် လောင်စာဆီဈေးနှုန်းများမပါဝင်ဘဲ တွက်ချက်ထားသော နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း (Year on Year Inflation-Core Inflation) မှာ ၅ ဒသမ ၂၃ ရာခိုင်နှုန်းရှိသည်။

၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် (၂၀၁၉ ခုနှစ် စက်တင်ဘာမှ ၂၀၂၀ ပြည့်နှစ် ဩဂုတ်လအထိ) တစ်နှစ်တာကာလအတွင်း ဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံး၏နှစ်အလိုက် ငွေကြေးဖောင်းပွမှုနှုန်းကို လေ့လာပါက ၂၀၁၉ ခုနှစ် ဇွန်လတွင် ၉ ဒသမ ၅၁ ရာခိုင်နှုန်းရှိခဲ့ရာမှ ဇူလိုင်တွင် လျှပ်စစ်ဓာတ်အားခနှုန်းထားများ မြင့်တက်လာခြင်းကြောင့် ငွေကြေးဖောင်းပွမှုနှုန်းမှာ ၁၀ ဒသမ ၈၇ ရာခိုင်နှုန်းသို့ ဆက်လက်မြင့်တက်လာခဲ့သည်။ သို့ရာတွင် ၂၀၂၀ ပြည့်နှစ် မတ်လတွင် မြန်မာနိုင်ငံ၌ COVID-19 ဖြစ်ပွားလာမှုအစပြု၍ အိမ်ထောင်စုများ၏ သုံးစွဲမှုလျော့နည်းလာခြင်းနှင့် လောင်စာဆီဈေးနှုန်းများ ကျဆင်းလာခြင်းကြောင့် ၂၀၂၀ ပြည့်နှစ် မတ်လမှစ၍ နှစ်အလိုက် ငွေကြေးဖောင်းပွမှုနှုန်းများ ကျဆင်းလာခဲ့ရာ ဩဂုတ်လတွင် ၁ ဒသမ ၈၄ ရာခိုင်နှုန်း ဖြစ်ပေါ်ခဲ့သည်။

တစ်နိုင်ငံလုံးအတွက် ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆနှုန်းအပေါ် အခြေခံတွက်ချက်ထားသော ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ ၂၀၂၀ ပြည့်နှစ် ဩဂုတ်လအထိ တစ်နှစ်ပျမ်းမျှ ၆ ဒသမ ၄၃ ရာခိုင်နှုန်းရှိ၍ ၂၀၂၀ ပြည့်နှစ် ဇူလိုင်လအထိ တစ်နှစ်ပျမ်းမျှ ၇ ဒသမ ၁၄ ရာခိုင်နှုန်းဖြင့် နှိုင်းယှဉ်ပါက ၀ ဒသမ ၇၁ လျော့နည်းလာခဲ့သည်။ ၂၀၁၉ ခုနှစ် ဩဂုတ်လမှ ၂၀၂၀ ပြည့်နှစ် ဩဂုတ်လအထိ ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းများကို လေ့လာပါက ၂၀၁၉ ခုနှစ် ဩဂုတ်လတွင် ၈ ဒသမ ၅၃ ရာခိုင်နှုန်းရှိခဲ့ရာမှ တဖြည်းဖြည်းမြင့်တက်လာပြီး ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း ၉ ဒသမ ၂၀ ရာခိုင်နှုန်းဖြင့် အမြင့်ဆုံးဖြစ်ပေါ်ခဲ့သည်။ သို့သော် ၂၀၂၀ ပြည့်နှစ် မတ်လတွင် မြန်မာနိုင်ငံ၌ COVID-19 ကူးစက်ရောဂါ သက်ရောက်မှုကြောင့် ဝယ်လိုအားလျော့ကျလာပြီး ၂၀၂၀ ပြည့်နှစ် ဩဂုတ်လတွင် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း ၆ ဒသမ ၄၃ ရာခိုင်နှုန်းဖြစ်ပေါ်ခဲ့သည်။

၂၀၂၀ ပြည့်နှစ် ဩဂုတ်လအတွင်း ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ ဧရာဝတီတိုင်းဒေသကြီးတွင် ၁၁ ဒသမ ၆၀ ရာခိုင်နှုန်းဖြင့် ပထမအမြင့်ဆုံး၊ မန္တလေးမြို့တွင် ၁၀ ဒသမ ၄၄ ရာခိုင်နှုန်းဖြင့် ဒုတိယအမြင့်ဆုံး၊ ပြည်ထောင်စုနယ်မြေတွင် ၇ ဒသမ ၇၃ ရာခိုင်နှုန်းဖြင့် တတိယအမြင့်ဆုံး အသီးသီးဖြစ်ပေါ်ခဲ့သည်။ နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်းမှာ ဧရာဝတီတိုင်းဒေသကြီးတွင် ၅ ဒသမ ၈၅ ရာခိုင်နှုန်းဖြင့် ပြောင်းလဲမှု ရာခိုင်နှုန်း အများဆုံးဖြစ်ပေါ်ခဲ့ပြီး မွန်ပြည်နယ်တွင် ၄ ဒသမ ၁၅ ရာခိုင်နှုန်းဖြင့် ပြောင်းလဲမှုရာခိုင်နှုန်း အနည်းဆုံးဖြစ်ပေါ်ခဲ့သည်။

**Source:** https://news-eleven.com/article/195341

## ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလအတွင်း မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ကျပ် ၁၆၉ ဘီလျံခန့် ရင်းနှီးမြှုပ်နှံခွင့်ပြုခဲ့ပြီး လက်ရှိအစိုးရသက်တမ်း လေးနှစ်ခြောက်လအတွင်း မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုပမာဏ ကျပ် ၁၀၁၄၉ ဘီလျံကျော်ရှိ



၂၀၂၀ ပြည့်နှစ် စက်တင်ဘာလအတွင်း မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ကျပ် ၁၆၉ ဘီလျံခန့် ရင်းနှီးမြှုပ်နှံခွင့်ပြုခဲ့ပြီး လက်ရှိ အစိုးရသက်တမ်း လေးနှစ်ခြောက်လအတွင်း မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုပမာဏ ကျပ် ၁၀၁၄၉ ဘီလျံကျော်ရှိကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ စာရင်းများအရသိရသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလအတွင်း မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံသူများ၏ လုပ်ငန်း ၅၇၅ ခုကို လုပ်ငန်းကဏ္ဍ ၁၂ ခုတွင် ရင်းနှီးမြှုပ်နှံခွင့်ပြုထားခြင်းဖြစ်ပြီး စုစုပေါင်းပမာဏ ကျပ် ၁၀၁၄၉၈၅၅ ဒသမ ၉၀၄ သန်း (ကျပ် ၁၀၁၄၉ ဘီလျံကျော်) ရှိခြင်းဖြစ်သည်။ ကဏ္ဍအလိုက် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုများမှာ အိမ်ခြံမြေဖွံ့ဖြိုးရေးကဏ္ဍတွင် ကျပ် ၃၀၄၈ ဒသမ ၈၄၉ ဘီလျံ (လုပ်ငန်း ၃၈ ခု)၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် ကျပ် ၁၆၆၂ ဒသမ ၉၉၂ ဘီလျံ (လုပ်ငန်း ၂၀၈ ခု)၊ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍတွင် ကျပ် ၁၁၄၁ ဒသမ ၆၄၅ ဘီလျံ (လုပ်ငန်း ၁၅ ခု)၊ ဟိုတယ်နှင့် ခရီးသွားလာရေးကဏ္ဍတွင် ကျပ် ၁၀၄၇ ဒသမ ၁၈၆ ဘီလျံ (လုပ်ငန်း ၁၀၈ ခု)၊ စွမ်းအင်ကဏ္ဍတွင် ကျပ် ၄၃၆ ဒသမ ၆၆၈ ဘီလျံ (လုပ်ငန်း ၁၆ ခု) တို့ဖြစ်သည်။ ထို့ပြင် စက်မှုဖွံ့ဖြိုးရေးကဏ္ဍတွင် ကျပ် ၃၂၄ ဒသမ ၅၂၃ ဘီလျံ (လုပ်ငန်း ၃ ခု)၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍတွင် ကျပ် ၃၁၂ ဒသမ ၈၈၂ ဘီလျံ (လုပ်ငန်း ၂၆ ခု)၊ ဆောက်လုပ်ရေးကဏ္ဍတွင် ကျပ် ၂၂၈ ဒသမ ၁၃၀ ဘီလျံ (လုပ်ငန်းအရေအတွက် မဖော်ပြထား)၊ သတ္တုတူးဖော်ရေးကဏ္ဍတွင် ကျပ် ၇၅ ဒသမ ၃၅၁ ဘီလျံ (လုပ်ငန်း ကိုးခု)၊ စိုက်ပျိုးရေးကဏ္ဍတွင် ကျပ် ၄၁ ဒသမ၂၇၆ ဘီလျံ (လုပ်ငန်း ၁၃ ခု)၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ကျပ် ၁၃ ဒသမ ၇၂၃ ဘီလျံ (လုပ်ငန်း နှစ်ခု) နှင့် အခြားကဏ္ဍတွင် ကျပ် ၁၈၁၆ ဒသမ ၆၂၅ဘီလျံ (လုပ်ငန်း ၁၃၇ ခု) ရင်းနှီးမြှုပ်နှံခွင့်ပြုထားကြောင်း သိရသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကုန် (၂၀၁၆ မတ်လကုန်) အထိ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုပမာဏ ကျပ် ၁၁၆၂၄ ဘီလျံကျော်ရှိပြီး လက်ရှိအစိုးရတက်ရောက်ပြီး သက်တမ်းလေးနှစ်ခြောက်လအတွင်း (လပေါင်း ၅၄ ကာလအတွင်း) ကျပ် ၁၀၁၄၉ ဘီလျံဝန်းကျင် ရင်းနှီးမြှုပ်နှံခဲ့ခြင်းဖြစ်သည်။ ပြည်တွင်းလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုသည် အိမ်ခြံမြေဖွံ့ဖြိုးရေး ကဏ္ဍတွင် အဓိကများပြားလာခဲ့ရာ ယခင်ပြည်တွင်းရင်းနှီးမြှုပ်နှံမှု အများဆုံးကဏ္ဍဖြစ်သော ကုန်ထုတ်လုပ်မှုကဏ္ဍကို ပြီးခဲ့သည့် ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် စတင်ကျော်ဖြတ်၍ ထိပ်ဆုံးသို့ ရောက်ရှိလာခဲ့သည်။ ၂၀၁၆ ခုနှစ် ဧပြီမှ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလအထိ ရင်းနှီးမြှုပ်နှံထားသော ကျပ် ၁၀၁၄၉ ဘီလျံကျော်၏ ကဏ္ဍအလိုက် ရင်းနှီးမြှုပ်နှံမှုရာခိုင်နှုန်းမှာ အိမ်ခြံမြေဖွံ့ဖြိုးရေးကဏ္ဍတွင် ၃၀ ဒသမ ၀၄ ရာခိုင်နှုန်း၊ အခြားကဏ္ဍတွင် ၁၇ ဒသမ ၉၀ ရာခိုင်နှုန်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် ၁၆ ဒသမ ၃၈ ရာခိုင်နှုန်း၊ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍတွင် ၁၁ ဒသမ ၂၅ ရာခိုင်နှုန်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးကဏ္ဍတွင် ၁၀ ဒသမ ၃၂ ရာခိုင်နှုန်း၊ စွမ်းအင်ကဏ္ဍတွင် ၄ ဒသမ ၃၀ ရာခိုင်နှုန်း၊ စက်မှုဖွံ့ဖြိုးရေးကဏ္ဍတွင် ၃ ဒသမ ၂၀ ရာခိုင်နှုန်း၊

မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍတွင် ၃ ဒသမ ၀၈ ရာခိုင်နှုန်း၊ ဆောက်လုပ်ရေးကဏ္ဍတွင် ၂ ဒသမ ၂၅ ရာခိုင်နှုန်း၊ သတ္တုတူးဖော်ရေးကဏ္ဍတွင် ၀ ဒသမ ၇၄ ရာခိုင်နှုန်း၊ စိုက်ပျိုးရေးကဏ္ဍတွင် ၀ ဒသမ ၄၁ ရာခိုင်နှုန်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ၀ ဒသမ ၁၄ ရာခိုင်နှုန်းတို့ဖြစ်သည်။

နိုင်ငံသားရင်းနှီးမြှုပ်နှံသူများသည် နိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံရာတွင် ကင်းလွတ်ခွင့်၊ သက်သာခွင့်များရရှိရန်အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုမိန့်ရရှိရေးအတွက် သတ်မှတ်ထားသော အဆိုပြုလွှာပုံစံဖြည့်ခြင်း၊ ၎င်းအဆိုပြုလွှာကို နေပြည်တော်ရှိ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြခြင်းများ ဆောင်ရွက်ရကြောင်းသိရသည်။ ပြည့်စုံသော အဆိုပြုလွှာများကို အဆိုပြုလွှာစိစစ်ရေးအဖွဲ့ (Proposal Assessment Team) အစည်းအဝေးသို့ တင်ပြဆွေးနွေးခြင်း၊ အဆိုပြုလွှာ စိစစ်ရေးအဖွဲ့အစည်းအဝေးမှ အတည်ပြုပါက အဆိုပြုချက်ကို လက်ခံကြောင်း၊ ငြင်းပယ်ကြောင်း အဆိုပြုလွှာ တင်သွင်းသူထံ အကြောင်းပြန်ခြင်း၊ လက်ခံပြီးသည့် အဆိုပြုလွှာနှင့်ပတ်သက်၍ ကော်မရှင်ရုံးအဖွဲ့က သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့သဘောထား၊ သက်ဆိုင်ရာဝန်ကြီးဌာနသဘောထားများ တောင်းခံခြင်း၊ သဘောထား မှတ်ချက်ပြည့်စုံပါက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) က အစည်းအဝေးသို့ အဆိုပြုချက်ကိုတင်ပြဆွေးနွေးခြင်း၊ MIC အစည်းအဝေးမှခွင့်ပြုကြောင်းဆုံးဖြတ်ပါက ရင်းနှီးမြှုပ်နှံသူထံ ခွင့်ပြုမိန့်ထုတ်ပေးကြောင်းသိရသည်။

**Source:** https://news-eleven.com/article/195338

## COVID-19 ကြောင့် ပြီးခဲ့သည့်ဘဏ္ဍာနှစ် မြန်မာ့နယ်စပ်ကုန်သွယ်ရေးတွင် ပို့ကုန်ဝင်ငွေလျော့နည်း

COVID-19 ကပ် ရောဂါကြောင့် ပြီးခဲ့သည့် ၂၀၁၉ -၂၀ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံ၏ နယ်စပ်ကုန်သွယ်ရေးဖြင့် ပို့ကုန်တင်ပို့မှုမှရရှိသော ဝင်ငွေအမေရိကန်ဒေါ်လာသန်း ၆၀ ကျော်လျော့နည်းသွားသည်။ ၂၀၁၈-၁၉ ဘဏ္ဍာနှစ်က နယ်စပ်ပို့ကုန်တင်ပို့မှုမှ ဒေါ်လာ ၇ ဒသမ ၂ ဘီလီယံကျော်ဝင်ငွေရရှိ ခဲ့သော်လည်း ၂၀၁၉-၂၀ ဘဏ္ဍာ နှစ်တွင် ဒေါ်လာ ၇ ဒသမ ၁ ဘီလီယံကျော်သို့ ကျဆင်းခဲ့သည်။ ကပ်ရောဂါနှင့်ပတ်သက်၍ တင်းကျပ်သော ကျန်းမာရေးစစ်ဆေးမှုများကြောင့် နယ်စပ်မှ တင်ပို့နေသော ပို့ကုန်တန်ဖိုးလျော့နည်းကျဆင်းခြင်းဟု မူဆယ် ဆန်ကုန်စည်ဒိုင်မှ ဒုတိယဥက္ကဋ္ဌဦးမင်းသိန်းကပြောသည်။ မြန်မာနိုင်ငံသည် တရုတ်၊ ထိုင်း၊ လာအို ၊ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများနှင့် နယ်စပ်ကုန်သွယ်ရေးစခန်း ၁၈ ခုဖွင့်လှစ်ထားသည်။

နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းဖွင့်လှစ်ထားသော နိုင်ငံများတွင် တရုတ်နိုင်ငံနှင့် နယ်စပ်ကုန်သွယ်မှု အများဆုံးဖြစ်ပြီး ပြီးခဲ့သည့် ဘဏ္ဍာနှစ်ကုန်သွယ်မှုတန်ဖိုး ဒေါ်လာငါးဘီလီယံကျော်ရှိနေသည်။ ကပ်ရောဂါတားဆီးထိန်းချုပ်ရေး လုပ်ငန်းများကြောင့် တရုတ်သို့ နယ်စပ်ကုန်သွယ်ရေးဖြင့် ကုန်စည်တင်ပို့မှုသည် ပြီးခဲ့သည့် ဘဏ္ဍာနှစ်တွင် ဒေါ်လာသန်း ၁၂၀ကျော် လျော့နည်းသွားသည်။ ထို့အတူ ထိုင်းနိုင်ငံသို့ နယ်စပ်မှပိုက်လိုင်းဖြင့်တင်ပို့သော သဘာဝဓာတ်ငွေ့ရောင်းချမှုမှ ဝင်ငွေလျော့နည်းသဖြင့် မြန်မာ၊ ထိုင်းနယ်စပ်ကုန်သွယ်ရေးမှ ဒေါ်လာသန်း ၁၂၀ ကျော် လျော့နည်းသွားသည်။ တနင်္သာရီ ထီးခီးနယ်စပ်မှ ပိုက်လိုင်းများဖြင့် ထိုင်းသို့သဘာဝဓာတ်ငွေ့ တင်ပို့မှုမှ ပြီးခဲ့သည့်ဘဏ္ဍာနှစ်တွင် ဒေါ်လာ ၁ ဒသမ ၉ ဘီလီယံကျော် တင်ပို့နိုင်သဖြင့် ၂၀၁၈-၂၉ ဘဏ္ဍာနှစ်ထက် ဒေါ်လာသန်း၅၀၀ ကျော် လျော့နည်းသွားသည်။ ၂၀၁၈-၁၉ ဘဏ္ဍာနှစ်က ဒေါ်လာ ၂ ဒသမ ၄ ဘီလီယံကျော်တင်ပို့ထားသည်။

မြဝတီနယ်စပ် ကုန်သွယ်ရေးလမ်းကြောင်းမှ လယ်ယာထွက်ကုန်ပြောင်းဖူးစေ့ကို အဓိကတင်ပို့ခဲ့ခြင်းကြောင့် ပြီးခဲ့သည့် ဘဏ္ဍာနှစ်တွင် ပို့ကုန်တန်ဖိုး ဒေါ်လာ သန်း ၃၈၀ ကျော် တင်ပို့ထားနိုင်သည်။ ၂၀၂၀-၂၁ ဘဏ္ဍာနှစ်စပိုင်းတွင် မြန်မာနိုင်ငံ၌ COVID-19 ကပ်ရောဂါကူးစက်မှု မြင့်တက်လာခြင်းကြောင့် မြန်မာ-ထိုင်းနယ်စပ်ကုန်သွယ်ရေးလမ်းကြောင်း အချို့တွင် အခက်အခဲများဖြစ်လာသည်။ ထိုင်းနိုင်ငံ ဒေသအာဏာပိုင်များက ကပ်ရောဂါကူးစက်မှုတားဆီးရေး အရှိန်မြှင့်တင်လာခြင်းကြောင့် ကော့သောင်းနယ်စပ်မှ ရနောင်းသို့ရေထွက်ကုန်တင်ပို့မှု အခက်အခဲဖြစ်ပြီး မြဝတီနယ်စပ်တွင်လည်း ကုန်သွယ်ရေး အခက်အခဲကြုံတွေ့နေသည်။

**Source:** https://7day.news/detail?id=201870

## စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ အွန်လိုင်းတင်ဆက်မှုအစီအစဉ်ဆောင်ရွက်




ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကော့သောင်းခရိုင် စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်းကာ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ Talk Show ကို အွန်လိုင်းလွှင့်တင် အသိပညာပေးနိုင်ရေး အောက်တိုဘာ ၁၀ ရက် မွန်းလွဲပိုင်းက ကော့သောင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ပြုလုပ်ခဲ့သည်။

ဆွေးနွေးရာတွင် ကော့သောင်းခရိုင် စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြသီတာက စားသုံးသူကာကွယ်ရေးဥပဒေပါ အခန်းကဏ္ဍများ၊ စားသုံးသူကာကွယ်ရေးဆိုင်ရာ အမိန့်ဖွင့်ဆိုချက်များ၊ စီးပွားရေးလုပ်ငန်းရှင်ဆိုင်ရာ အမိပ္ပာယ်ဖွင့်ဆိုချက်များ၊ စားသုံးသူအခွင့်အရေး (၈) ချက်ပါ အကြောင်း အရာများ၊ စားသုံးသူနှင့် စီးပွားရေးလုပ်ငန်းရှင်များ၏တာဝန်များ၊ စားသုံးသူများတောင်းဆိုနိုင်သည့် အခွင့်အရေးများ၊ နစ်နာသည့် စားသုံးသူများ တိုင်ကြားနိုင်မည့်အခြေအနေများနှင့် တိုင်ကြားနိုင်သည့်နေရာများ၊ ပြစ်မှုပြစ်ဒဏ်များ၊ ကုန်အညွှန်း အမှတ်အသားဖော်ပြခြင်းဆိုင်ရာ သိသင့်သိထိုက်သည်များ၊ ကိုဗစ်-၁၉ ထိန်းချုပ်မှုကာလအတွင်း စားသုံးသူများအား အကာအကွယ်ပေးမှု အစီအစဉ်များနှင့် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ဆွေးနွေးခဲ့သည်။

အဆိုပါအစီအစဉ်ကို ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်မှုကာလအတွင်း အများပြည်သူသိရှိလေ့လာနိုင်ရန် အွန်လိုင်း အသိပညာပေးလုပ်ငန်းအဖြစ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကော့သောင်းခရိုင် ပြည်သူ့စာကြည့်တိုက်နှင့် အိုင်ပီအာဒီကော့သောင်း လူမှုကွန်ရက်စာမျက်နှာများတွင် လွှင့်တင်ဖော်ပြပေးသွားမည်ဖြစ်သည်။

**Source:** https://web.facebook.com/TheMirrorDaily/?_rdc=1&_rdr

## ဟံသာဝတီလေဆိပ်စီမံကိန်းကို အပိုင်းသုံးပိုင်းခွဲ ဆောင်ရွက်မည်



ဟံသာဝတီလေဆိပ် စီမံကိန်းကို အပိုင်းသုံးပိုင်းခွဲ ဆောင်ရွက်မည်ဟု အောက်တိုဘာ ၁၂ ရက်ကပြုလုပ်သည့် စီမံကိန်း၏ သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်အပေါ် အကျိုးသက်ရောက်မှု ဆန်းစစ်ခြင်းအား အများပြည်သူသို့ ရှင်းလင်းသည့် အခမ်းအနားတွင် ထုတ်ပြန်သည်။ ထိုစီမံကိန်းကို ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)နှင့် လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်ပြီး စီမံကိန်း ပထမအဆင့်သည် ၂၀၂၇ တွင် ပြီးစီးမည်ဖြစ်ကာ တစ်နှစ်လျှင် ခရီးသည် ရှစ်သန်းကိုင်တွယ်နိုင်မည်ဟုဆိုသည်။

ဒုတိယအဆင့်သည် ၂၀၃၇ တွင် ပြီးစီးမည်ဖြစ်ပြီး တစ်နှစ်လျှင် ခရီးသည် ၁၅ သန်းနှင့် တတိယအဆင့်သည် ၂၀၄၈ တွင် ပြီးစီးပြီးခရီးသည် သန်း ၃၀ ကိုင် တွယ်နိုင်မည်ဖြစ်ကြောင်း အွန်လိုင်းမှပြုလုပ်သည့် အများပြည် သူသို့ရှင်းလင်းသည့် အခမ်းအနားတွင် ထုတ်ပြန်သည်။ “ပထမအဆင့်ကို ၂၀၂၇ မှာ ပြီးစီးအောင်ရည်မှန်းထားပါတယ်၊ မတိုင်ခင် လေဆိပ်ဖွင့်တာမျိုးလည်းရှိပါတယ်။ ခရီးသည်သုံးသန်း၊ လေးသန်းလောက်နဲ့ စတာမျိုးလည်းဖြစ်နိုင်ပါတယ်”ဟု စီမံကိန်းအတွက် အတိုင်ပင်ခံကုမ္ပဏီ Oriental Consultant Global ကုမ္ပဏီမှတာဝန်ရှိသူ ဦးဘိုဘိုဟန်ကပြောသည်။ ထိုအချက်အလက်များသည် JICA က ထုတ်ပြန်ထားသော စာရင်းများဖြစ်သည်ဟု ထုတ်ပြန်သည်။ လက်ရှိတွင် စီမံကိန်းပထမအဆင့်ကို မြေဧက ၁,၈၀၀ တွင် စတင်မည်ဖြစ်ပြီး သဘာဝပတ်ဝန်းကျင်နှင့် လူမှုဘဝထိခိုက်နစ်နာမှုများအတွက် အစီရင်ခံစာကောက်ယူမှုများကို လာမည့် ဒီဇင်ဘာတွင် အစိုးရထံတင်ပြမည်ဟု လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဇော်မင်းက

ပြောသည်။ ထိုစီမံကိန်းအတွက် မြေယာ လျော်ကြေးပေးရန် စီမံကိန်းအကျုံးဝင်သည့်နေ့ကို မကြာခင်ထုတ်ပြန်သွားမည်ဟု ၎င်းကဆိုသည်။

ပဲခူးမြို့ အနောက်ဘက်ခြမ်းတွင်တည်ဆောက်မည့် ဟံသာဝတီလေဆိပ်သည် အဓိကရန်ကုန်-မန္တလေးလမ်းဟောင်းဖြင့် ချိတ်ဆက်မည်ဖြစ်ပြီး လေဆိပ်အဝင်အထွက်တွင် လမ်းမကြီးလေးခုရှိမည်ဟု ထုတ်ပြန်သည်။ ဟံသာဝတီလေဆိပ် တည်ဆောက်ရေးအတွက် ၂၀၂၁ မတ်လတွင် မြန်မာ-ဂျပန်နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးမည်ဟု ပဲခူးတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေကပြောထားသည်။ ဟံသာဝတီအပြည်ပြည်ဆိုင်ရာ လေဆိပ်စီမံကိန်းကို ဂျပန်နိုင်ငံအကူအညီဖြင့် စီမံကိန်းကနဦးဖြစ်နိုင်ခြေများကို ဩဂုတ် ၁၈ ရက်တွင် စတင်ဆောင်ရွက်ခဲ့သည်။

**Source:** https://7day.news/detail?id=201869

## ကိုဗစ်ကြောင့် မြဝတီ-မဲဆောက်ကုန်သွယ်ရေးအတွက် ကုန်တင်ကားများကို နှစ်နိုင်ငံ ဝင်ထွက်ခွင့် မပြုတော့ဟုဆို

မြဝတီ-မဲဆောက်နယ်စပ်တွင် ရန်ကုန်ပြန် ထိုင်းနိုင်ငံသားသုံးဦးနှင့် ဈေးဝယ်သွားသူ၊ ကုန်ကားမောင်းသူ မြန်မာနိုင်ငံသား သုံးဦးတို့၌ ကိုဗစ်ပိုးစစ်ဆေးတွေ့ရှိခဲ့ပြီးနောက် မြဝတီ-မဲဆောက်ကုန်သွယ်ရေးအတွက် ကုန်တင်ကားများကို နှစ်နိုင်ငံ ဝင်ထွက်သွားလာခွင့်မပြုတော့ကြောင်း မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်က မဇ္ဈိမကိုပြောသည်။ မူလက ကုန်တင်ကားများ ဖြတ်သန်းရန် အတွက် မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား အမှတ်(၂)မှတစ်ဆင့် ကုန်တင်ကားများကို နှစ်နိုင်ငံ ဖြတ်သန်းခွင့်ပြုထားသည်။ ထိုသို့ ခွင့်ပြုခဲ့သော်လည်း လက်ရှိတွင် ကိုဗစ်ကူးစက်မှုကာကွယ်ရေးအတွက် တစ်နိုင်ငံနှင့် တစ်နိုင်ငံကြား ဝင်ထွက်ခွင့်မပြုတော့ဘဲ နှစ်ဖက် BCF (Border Control Facilities) ဇုန်အထိသာ ကုန်တင်ကားများကို သွားလာ ခွင့်ပြုထားပြီး နှစ်ဖက် BCF ဇုန်များတွင် ကုန်တင်ကားများရပ်တန့်ကာ ကုန်ပစ္စည်းသယ်ယူဖလှယ်ကြရန် အောက်တိုဘာလ ၁၁ ရက်နေ့က စတင်လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ဦးတေဇာအောင်ကပြောသည်။ “တံတားက ဆင်းဆင်းချင်းမှာ သူတို့ဘက် မှာလည်းဇုန်ရှိတယ်။ ကျွန်တော်တို့ဘက်မှာလည်းဇုန်ရှိတယ်။ မြန်မာနိုင်ငံသားတွေ ထိုင်းနိုင်ငံထဲဝင်စရာမလိုတော့ဘူး။ ထိုင်းနိုင်ငံသားတွေလည်း မြန်မာနိုင်ငံထဲဝင်စရာမလိုတော့ဘူးပေါ့။ အဲ့ဒီလိုနည်းနဲ့ကုန်သွယ်တာပါ။ ကားနဲ့ယာဉ်မောင်းနဲ့ ပါလာတဲ့အတွက် အထူးသဖြင့် လူကနေကူးစက်နိုင်တာပေါ့။ အချင်းချင်းမထိတွေ့အောင်လုပ်တဲ့နည်းပါ။ ကျန်းမာရေးနဲ့ စစ်ဆေးမှုတစ်ချို့ လုပ်ပြီးတာနဲ့ ကားပေါ်ပြန်တက်ပေါ့။ ကုန်ပစ္စည်းသယ်တဲ့အချိန်မှာ မလိုအပ်ဘဲ အောက်မဆင်းတော့ဘူးပေါ့” ဟု ၎င်းကပြောသည်။

မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားအမှတ်(၂) BCF ဇုန်တွင် ကုန်တင်ကားများကိုရပ်တန့်စေပြီး ကုန်ပစ္စည်းများကို အလုပ်သမားများဖြင့် သယ်ယူရခြင်းဖြစ်သည့်အတွက် အခက်အခဲများရှိနေပြီး ယခင်ကုန်သွယ်မှုအများဆုံးရက်နှင့်နှိုင်းယှဉ်လျှင် ကုန်သွယ်မှု ၇၀ ရာခိုင်ဝန်းကျင်ကျဆင်းသွားကြောင်း မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်ကပြောသည်။ “BCF ဇုန်ထဲမှာ ဖြစ်တဲ့အတွက် ကျွန်တော်တို့ ကရိန်းတွေ၊ အလုပ်သမားတွေ မြန်မြန်ဆန်ဆန်ဖြည့်ဆည်းပေးနိုင်ဖို့ အခက်အခဲရှိတယ်။ နောက်ပြီး စက်သုံးဆီကဲ့ရတာတို့၊ ခွတ်ငွေ့ကဲ့ရတာတို့ပေါ့။ ကရိန်းနဲ့သုံးခါလောက်မလိုက်ရင် ပြီးမယ့်ဟာမျိုးကို ဒါမျိုးတွေလည်း ခွဲပြီး လုပ်နေရတာပေါ့။ မနေ့က အဝင်ရောအထွက်ရောမှ အစီး ၆၀ လောက်ရှိတယ်ဆိုတော့ ၃၀ ရာခိုင်နှုန်းလောက်ပဲရှိတာပေါ့။ ပုံမှန်ဆို အစီး ၃၀၀ ကနေ ၅၀၀ လောက်ရှိပါတယ်။ ဒီနေ့တော့ နည်းနည်းပိုလုပ်နိုင်အောင်စီမံနေတယ်” ဟု ပြောသည်။ အောက်တိုဘာ ၁၁ ရက်မှစ၍ မြန်မာမှလာသော ကုန်တင်ကားများ သတ်မှတ်နေရာတွင်သာ ရပ်နားရန် ထိုင်းနိုင်ငံ၊ တာ့ခ်ခရိုင် ဒုအုပ်ချုပ်ရေးမှူး ဆွတ်ပီမီတာပါအိုရစ်က အကြောင်းကြားခဲ့ခြင်းဖြစ်ပြီး ကုန်တင်ကားများကို မြို့တွင်းဝင်ခွင့်မပြုရန် သတ်မှတ် ခဲ့ခြင်းဖြစ်သည်။

မြန်မာဘက်မှ ဈေးဝယ်သွားသူနှင့် ကုန်ကားမောင်းသူအချို့တွင် ကိုဗစ်ပိုးတွေ့ရှိခဲ့ပြီးနောက် မဲဆောက်မြို့အတွင်း ၎င်းတို့ သွားလာခဲ့သည့်နေရာများသို့ သွားရောက်ခဲ့သည့် ထိုင်းဒေသခံများရှိပါက လာရောက်စစ်ဆေးခံကြရန်လည်း ထိုင်းနိုင်ငံ ကျန်းမာရေးတာဝန်ရှိသူများက တိုက်တွန်းထားကြောင်း နေးရှင်းသတင်းစာတွင်ပါရှိသည်။

**Source:** https://www.mizzimaburmese.com/article/74415

## ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက် ပြည်ပပြောင်းတင်ပို့မှုလျာထားချက်ကို ပြည်တွင်းပြောင်းထွက်ရှိမှုပေါ်မူတည်ပြီး ဆောင်ရွက်မည်ဟုဆို

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက် ပြည်ပသို့ပြောင်းတင်ပို့မှုလျာထားချက်ကို ပြည်တွင်းပြောင်းထွက်ရှိမှုပေါ်မူတည်ပြီး ဆောင်ရွက်မည်ဖြစ်ကြောင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနထံမှသိရသည်။ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာန၊ မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးဦးမျိုးသူက "ပြည်နယ်တိုင်းဒေသကြီးတွေအလိုက် ပြောင်းထွက်ရှိမှုပေါ်မူတည်ပြီး ပြည်ပကိုတင်ပို့သွားမှာပါ။ သက်ဆိုင်ရာပြောင်းလုပ်ငန်းအသင်းတွေကလည်း ပြောင်းထွက်ရှိမှု၊ ပြောင်းတင်ပို့မှုနဲ့ ပတ်သက်ပြီးဆောင်ရွက်နေပါတယ်'' ဟုဆင်ဟွာသို့ အောက်တိုဘာ ၁၃ ရက်တွင်ပြောသည်။

ပြောင်းထွက်ရှိမှုစာရင်းကောက်ယူပြီးမှ ပြည်ပသို့တင်ပို့ရန်လျာထားရခြင်းမှာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ပြောင်းတန်ချိန် သိန်း ၂၀ ကျော် တင်ပို့ခဲ့သောကြောင့်ပြည်တွင်းသုံးစွဲမှုအပေါ်လိုအပ်ချက်များရှိခဲ့၍ ထိုသို့ဆောင်ရွက်ရခြင်း ဖြစ်ကြောင်းသိရသည်။

မြန်မာနိုင်ငံမှ ပြောင်းကို ထိုင်းနိုင်ငံက အဓိကဝယ်ယူလျက်ရှိကြောင်းသိရသည်။ မြန်မာနိုင်ငံတွင် ပြောင်းကို တိုင်းဒေသကြီး နှင့်ပြည်နယ်အများစုတွင်စိုက်ပျိုးကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်တို့တွင်လည်း တိုးချဲ့ စိုက်ပျိုးရန်ပြင်ဆင်လျက်ရှိကြောင်းသိရသည်။

**Source:** https://www.facebook.com/XinhuaMyanmar/

## မြန်မာ့နာနတ်သီးများကို ပထမဆုံးအကြိမ်ဖြင့် တရုတ်နိုင်ငံသို့ အစိုးရချင်း (Government to Government) ချိတ်ဆက်၍ တင်ပို့ရောင်းချမည်ဟုဆို



မြန်မာ့နာနတ်သီးများကို ယခုနှစ်တွင် ပထမဆုံးအကြိမ်ဖြင့် တရုတ်နိုင်ငံသို့ အစိုးရချင်း (Government to Government) ချိတ်ဆက်၍ တင်ပို့ရောင်းချမည်ဖြစ်ကြောင်းနှင့် မြန်မာ့နာနတ်သီးများသည် ပိုးကျရောက်မှုဒဏ်ခံနိုင်သည့်အတွက် စိုက်ဧက၏ ၂၀ ရာခိုင်နှုန်းခန့်တွင်သာ ပိုးစေးနဲ့အနည်းငယ်ကျရောက်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန အပင်ပိုးမွှားဌာနစု တာဝန်ခံ ဒေါက်တာ ခင်ခင်မာလာမြင့်ကဆိုသည်။ "နာနတ်သီးက ပိုးကျရောက်မှု အလွန်နည်းတဲ့ သီးနှံတစ်မျိုးဖြစ်ပါတယ်။တခါတရံမှာ ရာသီဥတုပေါ် မူတည်ပြီး ပိုးစေးနဲ့အနည်းငယ်ကျရောက်တတ်တယ်။ ဒါတောင် များများ စားစားမကျရောက်တတ်ပါဘူး။စားသုံးသီးနှံဖြစ်လို့ ပိုးသတ်ဆေးသိပ်မဖျန်းဘဲ ဘက်စုံကာကွယ်နှိမ်နှင်းရေးနည်းလမ်းတွေကို ကျွန်မတို့ဌာနအနေနဲ့ တောင်သူတွေကို ချပြပေးထားပါတယ်။ ကုန်သွယ်ရေးအတွက် အဟန့်အတား မဖြစ်နိုင်ပါဘူး'' ဟု ၎င်းက ဖြည့်စွက်ပြောကြားသည်။ လက်ရှိတွင် နာနတ်သီးများကို တရုတ်နိုင်ငံသို့ အစိုးရခြင်း တရားဝင်ချိတ်ဆက်၍ တင်ပို့နိုင်ရန် နာနတ်စိုက်ခင်းများကို လိုက်လံစစ်ဆေးပြီး ပိုးစေးနဲ့အနည်းငယ်ကျရောက်မှုနှင့် ထိန်းချုပ်ထားမှုအခြေအနေများကို တရုတ်နိုင်ငံဘက်သို့ အကြောင်းပြန်ထားပြီးဖြစ်ကြောင်းသိရသည်။

အဆိုပါပိုးများကို ပိုးသတ်ဆေးဖျန်းခြင်း သို့မဟုတ် ခူးဆွတ်ပြီးချိန်တွင် အသီးများကို ရေဆေးခြင်းဖြင့် ကာကွယ်နိုင်ကြောင်း ၊ တရုတ်နိုင်ငံဘက်က ပိုးသုံးမျိုးနှင့်မှိုရောဂါတစ်မျိုးကို စစ်ဆေးပေးရန်ပြောကြားထားကြောင်းနှင့် ယင်းအသီး များတွင် ကျရောက်သော မှိုရောဂါသည် ရေဝပ်ချိန်တွင်သာ ဖြစ်ပွားတတ်သည့် မြစ်ပုပ်နာရောဂါတစ်မျိုးဖြစ်ကြောင်းသိရသည်။ ထို့ပြင် တရုတ်နိုင်ငံက တရားဝင်တင်ပို့နိုင်ရေး စစ်ဆေးရန်အတွက် မြန်မာနိုင်ငံသို့ အကြောင်းပြန်ထားသည်မှာ ရှစ်လခန့်ရှိ နေပြီ ဖြစ်ကြောင်း ၊ လတ်တလောတွင် COVID-19 ရောဂါကူးစက်မှုနှုန်း မြင့်တက်နေသည့်အတွက် ယခုနှစ် နာနတ်ရာသီချိန်အတွင်း လာရောက်စစ်ဆေးနိုင်ရန် မဖြစ်နိုင်သေးကြောင်းနှင့် ယင်းကဲ့သို့ လာရောက်စစ်ဆေးပြီးပါက တရားဝင်တင်ပို့နိုင်ရန် ၈၀ ရာခိုင် နှုန်းသေချာကြောင်းသိရသည်။ နာနတ်သီးကို ရှမ်းပြည်နယ်နှင့်ကချင်ပြည်နယ်တို့တွင် အဓိကစိုက်ပျိုးပြီး ၂၀၂၀ပြည့်နှစ်တွင်

မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နာနတ်သီးစိုက်ဧက ၃၅,၀၀၀ ခန့်ရှိခဲ့ကြောင်းသိရသည်။

**Source:** https://xinhuamyanmar.com/myanmar/agriculture/29932-government-to-government?fbclid=IwAR0ATKset00ivockXP7JH5gIpUfS377H4yyd2gUuV3vq-lEDlj2EIOyd_jc

## သယံဇာတတူးဖော်သည့်ကုမ္ပဏီ ၃၅၀ ၏ အကျိုးအမြတ် ရရှိပိုင်ဆိုင်မှုများထုတ်ပြန်မည်

သယံဇာတတူးဖော်သည့် ကုမ္ပဏီပေါင်း ၃၅၀ ခန့်၏ အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဆိုင်ရာ အချက်အလက်များ ထုတ်ပြန်ဖော်ပြမည်ဖြစ်ကြောင်း မြန်မာသယံဇာတတူးဖော်ထုတ်လုပ်မှုများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး MEITI က ထုတ်ပြန်ထားသည်။ အဆိုပါအချက်အလက်များကို ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် bo.dica.gov.mm စာမျက်နှာမှ တစ်ဆင့် ထုတ်ပြန်မည်ဖြစ်သည်။ ''ကုမ္ပဏီတွေအနေနဲ့ သူတို့ပိုင်ဆိုင်မှုတွေကို ဖြည့်သွင်းရတာဟာ ကုမ္ပဏီကို weakness ဖြစ်သွားစေတာ မဟုတ်ဘဲနဲ့ စီးပွားရေးပြိုင်ဆိုင်မှုကို လုပ်လာတဲ့အခါ ကိုယ်ရဲ့ပိုင်ဆိုင်မှုတွေ တင်ပြထားပေးတယ်။ ကိုယ်နဲ့တူတူလုပ်နေတဲ့ ကုမ္ပဏီတွေကို သိရှိလာရတယ်ပေါ့။ သယံဇာတဆိုတာ တကယ်ပိုင်ဆိုင်မှု အရင်းအမြစ်က ပြည်သူတွေပဲဆိုတော့ ဒီကဏ္ဍမှာ လုပ်ကိုင်နေတဲ့ကုမ္ပဏီတွေကို ဘယ်သူကပိုင်ဆိုင်နေတယ်။ နောက်ဆုံးမှာ ဘယ်သူက အကျိုးအမြတ်ရရှိနေတယ်ဆိုတာကို ပြည်သူတွေကသိသင့်တယ် '' ဟု MEITI မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ကုမ္ပဏီတစ်ခုနှင့် သက်ဆိုင်သော အကျိုးအမြတ် ရရှိပိုင်ဆိုင်သူ (Beneficial Ownership-BO) ဆိုသည်မှာ ကုမ္ပဏီများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်ဖြစ်စေ ပိုင်ဆိုင်ထိန်းချုပ်ထားသူများဖြစ်ပြီး EITI ၏ ၂၀၁၉ စံနှုန်းအရ ပထမအကြိမ် ထုတ်ပြန်ခဲ့စဉ်က ကုမ္ပဏီပေါင်း ၁၀၀ ကျော်ကို ထုတ်ပြန်ခဲ့ကာ ဒုတိယအကြိမ်တွင် ကုမ္ပဏီပေါင်း ၂၅၀ ခန့် ထပ်တိုး၍ စုစုပေါင်း ၃၅၀ ခန့် ဖော်ပြမည်ဟုဆိုသည်။ ဖော်ပြချက်အရ နောက်ကွယ်မှ အကျိုးအမြတ်ရရှိသူမှာ ရှယ်ယာပိုင်ဆိုင်သူ ၅ ရာခိုင်နှုန်းနှင့် အထက်ရှိသူဆိုပါက Beneficial Ownership အဖြစ် ထည့်သွင်း ဖော်ပြရမည်ဖြစ်သည်။

MEITI ၏ လုပ်ငန်းစဉ်အရ ထုတ်ပြန်လာမည့် ကုမ္ပဏီပေါင်း ၃၅၀ စာရင်းတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍမှ ကုမ္ပဏီပေါင်း ၁၉ ခု၊ သတ္တုတူးဖော်ရေးကဏ္ဍမှ ကုမ္ပဏီပေါင်း ၉၄ ခု၊ ကျောက်မျက်ရတနာ တူးဖော်ရေးကဏ္ဍမှ ကုမ္ပဏီပေါင်း၂၀၉ ခု၊ ပုလဲကဏ္ဍမှကုမ္ပဏီ ၁၀ခုနှင့် သစ်တောကဏ္ဍမှ ကုမ္ပဏီ ၂၇ ခု ပါဝင်သည်ဟု MEITI မှ တာဝန်ရှိသူတစ်ဦးကဆိုသည်။ လုပ်ငန်းဆောင်ရွက်ချက်များအရ ကုမ္ပဏီပေါင်း ၄၀၀ ကို ဆောင်ရွက်ခဲ့သော်လည်း ကုမ္ပဏီပေါင်း ၃၅၀ ခန့်သာ ဖော်ပြနိုင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံတွင် သယံဇာတတူးဖော်သည့် ကုမ္ပဏီပေါင်း၂၀၀၀ ကျော်ရှိနေရာ တစ်ဆင့်ချင်းဆောင်ရွက်သွားမည်ဟုလည်း သိရှိရသည်။ ''ကုမ္ပဏီအားလုံးကိုတော့ မလွှမ်းခြုံနိုင်သေးဘူး။ ကျွန်တော်တို့ကလည်း တစ်ဆင့်ချင်းသွားရတာဆိုတော့လေ။ အကုန်လုံးကို လွှမ်းခြုံဖို့က လက်ရှိအချက်တွေက ရာခိုင်နှုန်းအနေနဲ့ အရမ်းကိုနည်းနေသေးတယ် '' ဟု တာဝန်ရှိသူကဆိုသည်။ မြန်မာနိုင်ငံသည် EITI ဖော်ဆောင်သည့် နိုင်ငံပေါင်း ၅၅ နိုင်ငံတွင်ပါဝင်ထားကာ အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု ဖော်ဆောင်ရေးလုပ်ငန်းစဉ် EITI ကို ၂၀၁၇ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့သည်။ ၂၀၁၉ ခုနှစ်တွင် ကုမ္ပဏီပေါင်း ၁၆၂ ခုကို ပါဝင်လာစေရန် ဆောင်ရွက်နိုင်သကဲ့သို့၂၀၂၀ ပြည့်နှစ်တွင်လည်း ကုမ္ပဏီပေါင်း ၄၀၀ ခန့်ကို အချက်အလက် ေကာက်ယူခဲ့သည်ဟု EITI ထုတ်ပြန်ချက်များတွင် ဖော်ပြပါရှိသည်။

**Source:** https://myanmar.mmtimes.com/news/144940.html

## မန္တလေးစက်မှုဇုန်တွင် စက်ရုံအလုပ်ရုံများ လည်ပတ်နေသော်လည်း ထုတ်လုပ်မှု ၂၅ ရာခိုင်နှုန်းကျ

မန္တလေးစက်မှုဇုန်တွင် စက်ရုံအလုပ်ရုံများ လည်ပတ်နေသော်လည်း ထုတ်လုပ်မှု ၂၅ ရာခိုင်နှုန်း ကျ မန္တလေးစက်မှုဇုန်တွင် ကိုဗစ်ပထမလှိုင်းကာလအတွင်း စက်ရုံများအား ကျန်းမာရေးအစီအမံများဖြင့် ဆောင်ရွက်ရေး စစ်ဆေးပြီး A အဆင့်ရ စက်ရုံများ ဖွင့်လှစ်ခွင့်ပေးခဲ့ပြီးနောက် ပိတ်ထားခြင်းမရှိဘဲ လည်ပတ်နေသော်လည်း ထုတ်လုပ်မှု ၂၅ ရာခိုင်နှုန်းကျဆင်းနေကြောင်း စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီအတွင်းရေးမှူး ဦးမောင်မောင်ဦးကပြောသည်။ စက်မှုဇုန်သည် ပြည်ကြီးတံခွန်မြို့နယ်တွင် တည်ရှိပြီး ဇုန်ကြီးကြပ်မှုကော်မတီနှင့် ကျန်းမာရေးနှင့်ဌာနဆိုင်ရာတို့ ပူးပေါင်းပါဝင်သည့် အဖွဲ့လေးဖွဲ့ဖြင့် စက်ရုံအလုပ်ရုံများကို သောကြာနေ့တိုင်း အပတ်စဉ်စစ်ခြင်းတို့ကြောင့် ကိုဗစ်ဖြစ်ပွားမှု ကင်းစင်နယ်မြေအဖြစ် ထိန်းသိမ်းထားနိုင်သည်ဟုဆိုသည်။

"မန္တလေးမှာ စက်ရုံတွေ ပိတ်တာမရှိဘူး။ လည်ပတ်လို့ရတယ်ဆိုပေမယ့် ထုတ်လုပ်မှုပိုင်းမှာ ပုံမှန်ထက် ၂၅ ရာခိုင်နှုန်း လောက်ကျဆင်းတယ်။ အလုပ်သမားတွေသူ တို့နေရပ်ပြန်တာလည်းပါတယ်။ စက်ရုံတွေ လည်ပတ်နိုင်ဖို့ ကိုဗစ်ကာကွယ် ထိန်းချုပ်ရေးမှာ စက်ရုံ ၅ ရုံ အနည်းဆုံးစစ်တယ်။ လိုအပ်တာရှိရင် ပညာပေးတယ်။ စက်ရုံ တွေမှာ ထူးခြားရင် ချက်ခြင်းဆက်သွယ်နိုင်အောင် ဖိုက်ဗာ ဂရုဖွဲ့ထားတယ်"ဟု ၎င်းကပြောသည်။

စက်မှုဇုန်တွင် စက်ရုံအလုပ်ရုံပေါင်း ၁၂၀၀ ကျော်ရှိပြီး ပုံမှန်လည်ပတ်နိုင်ရန် ကိုဗစ်ထိန်းချုပ်ကာကွယ်ရေးအတွက် COVID-19 Daily Report ဖြင့် စက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီက တိုင်းအစိုးရထံတင်ပြကြောင်း၊ ကိုဗစ်ပထမလှိုင်း ဖြစ်စဉ်အချိန်ကပင် တိုင်းအတွင်း စက်ရုံအလုပ်ရုံများကို စစ်ဆေးရေးအဖွဲ့ဖြင့် စစ်ဆေးကာ A အဆင့်သတ်မှတ်ခံရသည့် စက်ရုံများ ဖွင့်လှစ်ခွင့် ပေးခဲ့ကြောင်းသိရသည်။ "စက်ရုံအလုပ်ရုံတွေ လည်ပတ်နေတယ်ဆိုပေမယ့် အလုပ်မဖြစ်ကြဘူး။ လုပ်သားတွေနဲ့ညှိနိုင်းပြီး ထုတ်လုပ်နေရတယ်။ ထုတ်ကုန်များနေပြီး ဝယ်လိုအားနဲ့ဖြန့်အားမရှိတော့ ဈေးကွက်မပို့နိုင်လို့ပုံနေတာ။ စက်ရုံတွေမှာ ရေရှည်ရပ်တည်နိုင်ဖို့ နေ့ဝက်အလုပ်ဆင်းတာမျိုး၊ အလုပ်ရုံခဏနားတာမျိုးတွေတော့ရှိတယ်။ ထုတ်လုပ်မှုကပိုလျှံနေပြီး ဈေးကွက်မရှိဖြစ်နေတာပါ"ဟု စက်မှုဇုန်ရှိ WGE Winn General CO.Ltd မှ CEO ဦးရဲဝင်းအောင်ကပြောသည်။

**Source:** https://myanmar.mmtimes.com/news/144931.html

## ကိုဗစ်ကြောင့် နယ်ကျော်ရွှေ့ပြောင်းလုပ်သားများကို အဝင်မခံသဖြင့် ဖရဲစိုက်လုပ်ငန်းရှင်များအခက်တွေ့

ကိုဗစ်ကြောင့် နယ်ကျော်ရွှေ့ပြောင်းလုပ်သားများကို ဒေသခံအုပ်ချုပ်ရေးကအဝင်မခံသဖြင့် ဖရဲစိုက်လုပ်ငန်းရှင်များ အခက်တွေ့နေကြောင်း စစ်ကိုင်းတိုင်း ဖရဲသခွားစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးစိုးလွင်ထံမှသိရသည်။ "အခုဆိုရင်စိုက်ပျိုးကြဖို့အတွက်မြေတွေနီးထားတယ်။ ထယ်ရေးပြင်ထားတယ်။ ပျိုးတွေပျိုးထားတယ်။ တစ်ဧက(၃)သိန်း အနည်းဆုံးကုန်တယ်။လုပ်ထားတာတွေအလုပ်သမားမရှိတော့လုပ်မရဘဲဆုံးရှုံးမယ့်အနေအထားဖြစ်နေတယ်။အလုပ်သမားခက အမျိုးသားဆို(၅၀၀၀)နဲ့ အမျိုးသမီးဆို (၄၀၀၀) ပေးရတယ်။ (၃)လအနည်းဆုံးလုပ်ကြရမှာပါ။ အခုအောက်တိုဘာလက စပြီး ဇန်နဝါရီလ ဖေဖော်ဝါရီလလောက်အထိစိုက်ကြမှာ"ဟု ဦးစိုးလွင်ကပြောသည်။ကိုဗစ်ကြောင့် အလုပ်သမားအဝင်မခံ လက်မခံခြင်းသည် စိုက်ပျိုးထုတ်လုပ်မှုနှင့် လုပ်သားအများစုအပေါ်များစွာထိခိုက်ကြောင်း ဦးစိုးလွင်ကရှင်းပြသည်။ "အလုပ်သမားတွေကိုစိုက်မယ့်ဒေသက ပြန်လွှတ်တာတွေရှိတယ်။ အုပ်ချုပ်ရေးပိုင်းတွေက အလုပ်သမားတွေကိုအဝင်မခံဘူး။ အဝင်မခံတော့ဖရဲသခွားထုတ်လုပ်မှု ကျဆင်းသွားနိုင်သလို စီးပွားရေးပါထိခိုက်နိုင်တယ်။ အခုအချိန်က အလုပ်သမားတွေခေါ် အသုံးပြုရမယ့်အချိန်ပါ။"ဟု ဦးစိုးလွင်ကပြောသည်။ ပြီးခဲ့သည့်နှစ်များက ဖရဲသခွားတစ်ဧက လျှင် လုပ်သား ၅ ဦးခန့်သုံးရာ စစ်ကိုင်းတိုင်းတွင် သခွားမွှေးနှင့်ဖရဲအတွက် အလုပ်သမား(၃)သိန်းခန့် နှစ်စဉ်အလုပ်လုပ်နေကြကြောင်းသိရသည်။ လက်ရှိတွင် ကိုဗစ်ကြောင့် အလုပ်သမားမရှိသည့်အတွက် ဖရဲသခွားစိုက်မရဖြစ်နေကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/144900.html

## ဆမ်ဆောင်းကုမ္ပဏီရဲ့ အမြတ်ငွေ ၆၀ ရာခိုင်နှုန်းနီးပါးမြင့်တက်




ဆမ်ဆောင်းကုမ္ပဏီရဲ့ တတိယနှစ်ဝက်အမြတ်ငွေဟာ ၆၀ ရာခိုင်နှုန်း နီးပါး မြင့်တက်ခဲ့တယ်လို့ ခန့်မှန်းထားကြပါတယ်။ တောင်ကိုရီးယားနိုင်ငံ ဆမ်ဆောင်းကုမ္ပဏီကြီးရဲ့ တတိယနှစ်ဝက် အမြတ်ငွေဟာ ၆၀ ရာခိုင်နှုန်း နီးပါး မြင့်တက်ခဲ့တယ်လို့ ခန့်မှန်းထားကြပါတယ်။ အထူးသဖြင့် အမေရိကန်နိုင်ငံက တရုတ်အပေါ် ကန့်သတ်မှုတွေကြောင့် ဆမ်းဆောင်းရဲ့ ဖုန်းနဲ့ ဆက်စပ်ပစ္စည်းတွေကနေ အမြတ်စွန်းတွေ ပိုရလာတာပါ။

ပြိုင်ဘက်ဖြစ်တဲ့ တရုတ်ကုမ္ပဏီ Huawei ဟာ အမေရိကန်ရဲ့ ကန့်သတ်ပိတ်ဆို့ခံထားရတာကြောင့် ဆမ်ဆောင်းရဲ့အမြတ်ငွေ မြင့်တက် လာတာပါ။ တောင်ကိုရီးယားနည်းပညာကုမ္ပဏီကြီးဟာ ဇူလိုင်ကနေ စက်တင်ဘာ ၃ လ အတွက် အမြတ်ငွေ အမေရိကန်ဒေါ်လာ

၁၀ ဒသမ ၆ ဘီလီယံ (ကိုရီးယားဝမ် ၁၂ ဒသမ ၃ ထရီလီယံ) လောက် ရခဲ့တယ်လို့ဆိုပါတယ်။ ဒါဟာ မနှစ်က ဒီလိုအချိန်ထက် စာရင် ကိုရီးယားဝမ် ၇ ဒသမ ၈ ထရီလီယံ မြင့်တက်လာခဲ့တာပါ။ ၂ နှစ်တာကာလအတွင်းမှာ ဆမ်ဆောင်းအတွက် အမြတ်ငွေ အများဆုံးဝင်ခဲ့တဲ့ ကာလလည်းဖြစ်တယ်လို့ ခန့်မှန်းကြပါတယ်။ ဆမ်ဆောင်းစီးပွားရေးလုပ်ငန်းစုကြီးဟာ ကိုရီးယားနိုင်ငံရဲ့ စီးပွားရေးအခန်းကဏ္ဍမှာလည်း အရေးပါတဲ့လုပ်ငန်းတခုဖြစ်ပါတယ်။ လေ့လာသုံးသပ်သူတဦးဖြစ်တဲ့ James Kang ကတော့ ဆမ်ဆောင်းဟာ ဩဂုတ်လမှာ ဈေးကွက်ထဲ ရောင်းချခဲ့တဲ့ Galaxy Note 20 နဲ့ Galaxy Z Fold 2 မော်ဒယ်တွေကြောင့် နှစ်လယ်ပိုင်းမှာ အမြတ်စွန်းငွေ အများအပြားရခဲ့တာဖြစ်တယ်လို့ဆိုပါတယ်။ ဝါရှင်တန်အစိုးရဟာ စက်တင်ဘာ ၁၅ ရက်က စတင်သက်ဝင်မယ့် Huawei ကုမ္ပဏီရဲ့စမတ်ဖုန်းနဲ့ နောက်ဆုံးပေါ်နည်းပညာ 5G ဆက်စပ်ပစ္စည်းတွေကို ကန့်သတ် ပိတ်ပင်လိုက်တာ ကမ္ဘာ့စမတ်ဖုန်းဈေးကွက်အပေါ် ကြီးမားတဲ့သက်ရောက်မှုတွေရှိခဲ့တယ်လို့ လေ့လာသုံးသပ်သူ Kim Min Soo က ဆိုပါတယ်။ "ဈေးကွက်အပေါ် အများကြီးသက်ရောက်ခဲ့တာပါ။ ဆမ်ဆောင်းကိုပဲ ကြည့်လေ။ Huawei နဲ့ အဓိကဈေးကွက်အပြိုင်လုနေရတဲ့ ဥရောပဈေးကွက်ကနေ အမြတ်အစွန်းတွေ ရလိုက်ပါတယ်" လို့ Kim Min Soo က သုံးသပ်သွားပါတယ်။

ဆမ်ဆောင်းဟာ Memory chips တွေကို ထုတ်လုပ်နေတဲ့ ကမ္ဘာ့အကြီးဆုံး ထုတ်လုပ်ရေးဖြစ်ပြီး DRAM (Dynamic Random Access Memory) ဈေးကွက်မှာ ၄၃ ဒသမ ၅ ရာခိုင်နှုန်းနဲ့ ဦးဆောင်နေသူပါ။ လေ့လာသူတွေကတော့ ၃ လဆက်တိုက် ကျဆင်းနေရာကနေ ၂၀၂၀ ခုနှစ်ကုန်ပိုင်းမှာ ၁၃ ကနေ ၁၈ ရာခိုင်နှုန်းလောက် DRAM ဈေးကွက် ကျဆင်းသွားနိုင်တယ်လို့ ခန့်မှန်းကြပါတယ်။ ဆမ်ဆောင်း ကုမ္ပဏီဘက်က သူတို့ရဲ့ အမြတ်ငွေ ကိန်းဂဏန်း အတိအကျကို အောက်တိုဘာလကုန်ပိုင်းမှာ ထုတ်ပြန်နိုင်တယ်လို့ ခန့်မှန်းထားကြပါတယ်။

**Source:** https://burma.irrawaddy.com/business/it/2020/10/11/231392.html

## ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်ပကုန်သွယ်မှု ကန်ဒေါ်လာ ၃၆ ဒသမ ၆ ဘီလီယံကျော်ရှိ



မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှုသည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၃၆ ဒသမ ၆ ဘီလီယံကျော်ရရှိခဲ့ပြီး ယခင်ဘဏ္ဍာနှစ်ဖြင့် နှိုင်းယှဉ်ပါက အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံကျော်တိုးလာခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနထံမှ သိရသည်။

၂၀၁၉ ခုနှစ် အောက်တိုဘာလ ၁ ရက်မှ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလ ၃၀ ရက်ထိ ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၆ ဘီလီလံကျော် ရှိပြီး သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၉ ဘီလီယံကျော်ရှိကြောင်းသိရသည်။ ပြည်ပကုန်သွယ်မှု ပမာဏ အမေရိကန်ဒေါ်လာ ၃၆ ဒသမ ၆ ဘီလီယံကျော်တွင် ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၂၆ ဘီလီယံကျော် ပါဝင်ပြီး နယ်စပ်ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံကျော်ပါဝင်ကြောင်း သိရသည်။ "ကုန်သွယ်မှုဆိုတာ ဘယ်လိုပဲဖြစ်ဖြစ် အင်မတန်အရေးကြီးပါတယ်။ အရေးကြီးတဲ့အတွက် ကုန်သွယ်မှုပမာဏက COVID-19 ကာလမှာ မူလလျာထားချက်ထက် မလျော့တဲ့အပြင်ကို ပိုလျှံတယ်ဆိုတာကောင်းပါတယ်။ ဒါက ကောင်းတဲ့ အလားအလာတစ်ခုပေါ့။"ဟု စီးပွားရေးပညာရှင် ဒေါက်တာအောင်ကိုကိုကဆိုသည်။

ယခုနှစ် ပြည်ပ ကုန်သွယ်မှုပမာဏသည် ယခင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်ဖြင့်နှိုင်းယှဉ်ပါက အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံကျော် တိုးလာခဲ့ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၃၅ ဒသမ ၁ ဘီလီယံကျော်ရှိခဲ့ကြောင်း သိရသည်။ မြန်မာနိုင်ငံအနေဖြင့် အဓိကပို့ကုန်များတွင် လယ်ယာထွက်ကုန်ပစ္စည်း ၊ တိရစ္ဆာန်ထွက်ပစ္စည်း ၊ ရေထွက်ပစ္စည်း၊ သတ္တုတွင်းထွက်ပစ္စည်း ၊ သစ်တောထွက်ပစ္စည်း ၊ စက်မှုကုန်ချောပစ္စည်းနှင့် အခြားတို့ဖြစ်ကာ သွင်းကုန်များအနေဖြင့် ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများ ၊ လုပ်ငန်းသုံးကုန်ပစ္စည်းများ ၊ လူသုံးကုန်ပစ္စည်းများပါဝင်ကြောင်းသိရသည်။ နိုင်ငံ၏ကုန်သွယ်မှုပမာဏ ၈၀ ရာခိုင်နှုန်းဝန်းကျင်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှတစ်ဆင့်ပြုလုပ်ပြီး နယ်စပ်ကုန်သွယ်မှုကို အိမ်နီးချင်းနိုင်ငံများနှင့်

နယ်စပ်ဂိတ် ၁၇ ခုမှတစ်ဆင့် ပြုလုပ်လျက်ရှိကြောင်းသိရသည်။

**Source:** https://xinhuamyanmar.com/business/local/29922-2020-10-12-09-12-17

## တရုတ်-အာဆီယံ ဒစ်ဂျစ်တယ်စီးပွားရေးလုပ်ငန်းဇုန်တည်ဆောက်မှုအား စတင်လိုက်ပြီဖြစ်သည့် ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ

မကြာသေးမီက ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် တရုတ်-အာဆီယံ ဒစ်ဂျစ်တယ်စီးပွားရေး လုပ်ငန်း ဇုန်အား စတင်တည်ဆောက်လိုက်ပြီဖြစ်ပါသည်။ ၎င်းစီမံကိန်း၏ ပထမအဆင့်တွင် စင်တာ (၆)ခုနှင့် အခြေပြုနေရာတစ်ခု တည်ဆောက်ရေး သတင်း အချက်အလက်နည်းပညာအသုံးပြုမှုတွင် တီထွင်ဆန်းသစ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် မှုတို့အပေါ် ချဉ်းကပ်တည်ဆောက်သွားမည်ဖြစ်ပါသည်။ သတင်းအချက်အလက်နည်းပညာ တီထွင်ဆန်းသစ်မှုများကို အသုံးပြုရေးအတွက် “whole industry + adaptation” ချိတ်ဆက်မှုတစ်ရပ် ဖြစ်ပေါ်လာရန် ဟွာဝေး Kunpeng System ၊ China Electronics PKS Systemနှင့် CENC၏ ecological enterprisesများကို မိတ်ဆက်သွားမည်ဖြစ်ကြောင်းသိရပါသည်။ ထို့ပြင် သတင်းအချက်အလက်နည်းပညာ ဆန်းသစ်တီထွင်မှုများကို အသုံးပြုရေးအတွက် ကောလိပ်များနှင့်ပါရဂူဘွဲ့လွန်သုတေသနစင်တာများကိုလည်း ကျွမ်းကျင်သူများလေ့ကျင့်ပေးသည့်စနစ်တစ်ရပ် တည်ဆောက်ရန် မိတ်ဆက်ပေးသွားမည်ဖြစ်ပါသည်။

ဤစီမံကိန်းအား ကွမ်ရှီးရင်းနှီးမြှုပ်နှံမှုအုပ်စု၏ ဒစ်ဂျစ်တယ်ကွမ်ရှီးအုပ်စု၊ Institute of Information Engineering of Chinese Academy of Sciences နှင့် Huawei Technologies Co., Ltd.တို့က ပူးတွဲတည်ထောင်ခြင်းဖြစ်ပါသည်။ ၎င်းဇုန်အား အခွန် သက်သာခွင့်များ၊ ပါရမီရှင်များအား မြေတောင်မြှောက်ပေးမှုများ၊ မတည်ငွေရင်းနှင့် အခြား မူဝါဒများဖြင့် အပြည့်အဝ ပံ့ပိုးပေးသွားမည်ဖြစ်သည့်အပြင် ၊ ရင်းနှီးမြှုပ်နှံမှု၊ ချေးငွေ၊ ကြွေးမြီနှင့်ငှားရမ်းခများအတွက် ကွမ်ရှီးရင်းနှီးမြှုပ်နှံမှုအုပ်စု၏ ဘက်စုံဘဏ္ဍာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအပေါ် မှီခိုနေသော အရည်အသွေးမြင့်ဝန်ဆောင်မှုများနှင့် ဇုန် အတွင်းသို့ ဝင်ရောက်လာမည့်လုပ်ငန်းများအား တက်ကြွစွာပံ့ပိုးပေးသွားမည်ဖြစ်ပါသည်။

လက်ရှိအချိန်၌ ၎င်းဇုန်အတွင်းသို့ ဝင်ရောက်လုပ်ငန်းထူထောင်လိုသော လုပ်ငန်းပေါင်း (၆၀)ကျော်ရှိပြီး၊ လုပ်ငန်း (၃၀)နီးပါးက ရင်းနှီးမြှုပ်နှံမှုသဘောတူညီချက် များကို လက်မှတ်ရေးထိုးထားကြပြီဖြစ်ပါသည်။ (၂၀၂၅)ခုနှစ်တွင် လုပ်ငန်းပေါင်း (၃၀၀) ကျော်က ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ယွမ်ငွေ (၁၀)ဘီလီယံကျော်ဖြင့် ၎င်းဇုန်အတွင်း ဝင်ရောက် အခြေချလုပ်ကိုင်လာကြကာ အလုပ်အကိုင်ပေါင်း (၂)သောင်းခန့် ဖန်တီးပေးနိုင်မည်ဟု ခန့်မှန်းထားပါသည်။

**Source: Nanning Daily** (၂၉-၉-၂၀၂၀)

**စီးပွားရေးသံမှူး-မြန်မာသံရုံး၊ တရုတ် (နန်နင်း)**

## စစ်တမ်းအသစ်ကောက်ယူမှုအရ COVID-19 ကာလအတွင်း အလုပ်အကိုင်များဆုံးရှုံးမည်ကို အမေရိကန်၊ ဗြိတိန်နှင့် သြစတြေးလျနိုင်ငံတို့၌ နေထိုင်သူများထက် ဟောင်ကောင်ဒေသ၌ နေထိုင်သူများ ပိုမိုစိုးရိမ်လျှက်ရှိခြင်း

စစ်တမ်းကောက်ယူမှုအသစ်အရ COVID-19 ကာလအတွင်း အလုပ်အကိုင်များဆုံးရှုံးမည်ကို အခြားသောနိုင်ငံများထက် ဟောင်ကောင်ဒေသ၌ နေထိုင်သူများက ပိုမိုစိုးရိမ်လျက်ရှိကြောင်း၊ လန်ဒန်အခြေစိုက် အကြံပေးလုပ်ငန်းနှင့်သုတေသန လုပ်ကိုင်သည့် C|T Group ၏ လေ့လာချက်အရ ကြောက်ရွံ့စိုးရိမ်မှုများကြောင့် မြို့ခံနေထိုင်သူများမှာ ပျော်ရွှင်မှုများနှင့် လူမှုဘဝသာယာမှု များ လျော့ကျလာသည်ကိုတွေ့ရှိရကြောင်း၊ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁၁ ရက်နှင့် ၁၃ ရက်နေ့အတွင်း လူဦးရေ (၅၀၀) ဦးအား စစ်တမ်းကောက်ယူရာတွင် ဟောင်ကောင်ဒေသ၌ နေထိုင်သူများ၏ စိုးရိမ်ပူပန်မှုမှာ (၇၃) ရာခိုင်နှုန်းရှိပြီး၊ အမေရိကန်နိုင်ငံတွင် (၅၁) ရာခိုင်နှုန်း၊ သြစတြေးလျနိုင်ငံတွင် (၃၈) ရာခိုင်နှုန်းနှင့် ဗြိတိန်နိုင်ငံတို့တွင် (၃၆) ရာခိုင်နှုန်း အသီးသီးရှိကြောင်း၊ ဟောင်ကောင်ဒေသမှ (၅၅) ရာခိုင်နှုန်းမှာ ကမ္ဘာ့ကပ်ရောဂါ COVID-19 အားရင်ဆိုင်နိုင်ရန် နေ့စဉ် အသုံးစရိတ်ကိုလျှော့ချလျက်ရှိပြီး ငွေသားများစုဆောင်းလျှက်ရှိကြောင်း၊ စီးပွားရေးနှင့်ငွေကြေးကဏ္ဍမကောင်းမွန်မှုကြောင့် အလုပ်လက်မဲ့များ များပြားလာကာ လူများ၏ စိတ်ပျော်ရွှင်ကျန်းမာမှုများကို ထိခိုက်လျှက်ရှိကြောင်း၊ ဟောင်ကောင် ဒေသ၌နေထိုင်သူများ၏ စိုးရိမ်ပူပမ်မှု များမှာမြင့်မားလျှက်ရှိပြီး အသုံးစရိတ်များလျှော့ချသုံးစွဲကာ ကျန်းမာရေးကဏ္ဍဆိုင်ရာ

အားနည်း မှုများ ခံစားရလျှက်ရှိကြောင်း၊ဟောင်ကောင်ဒေသ၌ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလက စတင်ဖြစ်ပွား ခဲ့သည့် COVID-19 ကြောင့် အလုပ်အကိုင်များဆုံးရှုံးခြင်းနှင့် အလုပ်ချိန်နာရီများ လျှော့ချခြင်းတို့ ကြောင့် ဟောင်ကောင်ဒေသ၏ စီးပွားရေးကို ပြင်းထန်စွာထိခိုက်လျှက်ရှိကြောင်း၊ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလမှ ဩဂုတ်လအတွင်း အလုပ်လက်မဲ့နှုန်း (၆.၁) ရာခိုင်နှုန်း၊ အလုပ်လက်မဲ့ဦးရေ (၂၄၈,၃၀၀) ဦး ရှိကြောင်းနှင့် ၂၀၀၃ ခုနှစ်၊ SARs ဖြစ်ပွားခဲ့စဉ်ကတည်းက စတင်၍ အမြင့်မားဆုံး ဖြစ်ခဲ့ပြီး အခြားသော နိုင်ငံများနှင့်နှိုင်းယှဉ်လျှင် ဟောင်ကောင်ဒေသရှိ နေထိုင်သူများအပေါ် ဆိုးရွားသည့်သက်ရောက်မှု ပိုများကြောင်းနှင့် မိမိကိုယ်ကိုအဆုံးစီရင်မှုများ ပိုများနိုင်သည်ကို လေ့လာတွေ့ရှိရကြောင်း၊ သို့ဖြစ်ရာ ပြည်သူများ၏ စိတ်ပိုင်းဆိုင်ရာကျန်းမာရေး ကောင်းမွန်အောင် အလေးထားဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ပုံမှန်အနေအထားသို့ ပြန်လည်ရောက်ရှိရန် (၁) နှစ်မှ (၂) နှစ်အထိ အချိန်ကြာမြင့်နိုင်ကြောင်း၊ ကာကွယ်ဆေးမရှိမချင်း ကမ္ဘာ့ကပ်ရောဂါမှာ အဆုံးမသတ်နိုင်ကြောင်းနှင့် ကာကွယ်ဆေးမှာ လာမည့်နှစ်အစောပိုင်းတွင် အသုံးပြုရန် အဆင်သင့်ဖြစ်နိုင်ရန်မျှော်လင့်ကြောင်း ဟောင်ကောင်ဒေသနေထိုင်သူ (၃) ပုံ (၂) ပုံမှ ခန့်မှန်းထားကြောင်းနှင့် ကာကွယ်ဆေးကို မဖြစ်မနေသုံးစွဲရမည်ဟု ဟောင်ကောင်ဒေသ၌ နေထိုင်သူ (၃) ပုံ (၁) ပုံမှ ပြောကြားခဲ့ကြောင်း ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁၁ ရက်နေ့ ထုတ် South China Morning Post သတင်းစာ၌ Fiano Sun က “Hong Kong residents more afraid of losing their jobs during coronavirus pandemic than people in Australia, Britain, and US, new survey says” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး၊ ဟောင်ကောင်**

## Toshiba ကုမ္ပဏီ၏ memory chip ထုတ်လုပ်သည့်ကုမ္ပဏီဟောင်း စတော့ဈေးကွက်အတွင်း ဝင်ရောက်ရေး ဆိုင်းငံ့လိုက်ပြီဖြစ်

ဂျပန်နိုင်ငံရှိ Memory chip ထုတ်လုပ်သည့် လုပ်ငန်းကြီးတစ်ခုဖြစ်သည့် Kioxia Holdings သည် အဆိုပါလုပ်ငန်း၏ အနေအထား မရေမရာဖြစ်နေချိန် စတော့ဈေးကွက်အတွင်း ရှယ်ယာရောင်းဝယ်ရေးပြုလုပ်မည့် အစီအစဉ်ကို ဆိုင်းငံ့လိုက်ပြီဖြစ်ကြောင်း သိရပါသည်။ အမေရိကန်နှင့်တရုတ်တို့အကြား နည်းပညာဆိုင်ရာကုမ္ပဏီများနှင့် ပတ်သက်၍ လွန်ဆွဲမှုများ အရှိန်အဟုန်မြင့် တက်လာနေခြင်းက နောက်ခံအကြောင်းအရင်းတစ်ခု ဖြစ်ကြောင်းသိရပါသည်။

Kioxia Holdings သည် ဂျပန်၏ အီလက်ထရွန်နစ်ကုမ္ပဏီကြီးဖြစ်တဲ့ Toshiba ၏ Memory Chip လုပ်ငန်းကို အဓိကထုတ်လုပ်ဆောင်ရွက်နေသည့်ကုမ္ပဏီဖြစ်ပါသည်။ NAND အမျိုးအစား flash memory chip ထုတ်လုပ်သည့် ကမ္ဘာ့ထိပ်တန်းကုမ္ပဏီများတွင် တစ်ခုပါဝင်သည့် Kioxia Holdings ၏ အမှုဆောင်ဘုတ်အဖွဲ့သည် စက်တင်ဘာလ နောက်ဆုံးပတ်တွင် ထုတ်လုပ်မှုကို ဆိုင်းငံ့မည်ဖြစ်ကြောင်း ဆုံးဖြတ်ချက်ချခဲ့ပါသည်။

Kioxia Holdings အနေဖြင့် အောက်တိုဘာလ ၆ ရက်နေ့တွင် ဒေါ်လာ ၁၄ ဘီလီယံကျော် တန်ဖိုးရှိ ရင်းနှီးမြှုပ်နှံမှု ပမာဏဖြင့် တိုကျိုစတော့ဈေးကွက်တွင်း ဝင်ရောက်ရန်ပြင်ဆင်ခဲ့ပါသည်။ ထိုပမာဏသည် ယခု ၂၀၂၀ ပြည့်နှစ်အတွင်း အများပြည်သူများ တိုကျိုစတော့ ဈေးကွက်တွင်ဝင်ရောက်ကာ ရှယ်ယာအရောင်းအဝယ်ပြုလုပ်နိုင်သည့် တန်ဖိုးအကြီးဆုံး ပမာဏဖြစ်ကြောင်း ဆိုပါသည်။

သို့သော် Kioxia က အမေရိကန်၏ သတ်မှတ်ချက်စည်းမျဉ်းစည်းကမ်းများကြောင့် ၎င်း၏ အဓိကဖောက်သည်ဖြစ်သည့် Huawei ကုမ္ပဏီထံ semiconductor များတင်ပို့ရန် မဖြစ်နိုင်ကြောင်း ပြောကြားခဲ့ပါသည်။

အမေရိကန်အစိုးရက စက်တင်ဘာ ၁၅ ရက်နေ့ကစတင်ကာ တရုတ် ဆက်သွယ်ရေး လုပ်ငန်းကြီးဖြစ်သည့် Huawei ထံ ကွန်ပြူတာ chip များ ရောင်းချခြင်းများအပေါ် တင်းကျပ်သည့် ဖိအားပေးမှုများရှိခဲ့ပါသည်။ Kioxia ၏ စီမံခန့်ခွဲရေး တာဝန်ရှိသူများက ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါ၏ ဒုတိယလှိုင်း ပြန့်ပွားမှုနှင့် ပတ်သက်၍လည်း စိုးရိမ်မိပါကြောင်း ပြောကြားခဲ့ပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး၊ ဂျပန်**

# STOCK EXCHANGE (13.10.2020)

YANGON
STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 13th Oct. 2020

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,900 | -100 | -1.00% | 9,900 | 9,900 | 9,900 | 1,191 | 11,790,900 | 27,112,747 | 268,416 |
| MTSH | 00002 | 3,700 | +50 | +1.37% | 3,650 | 3,700 | 3,650 | 114 | 416,550 | 38,929,150 | 144,038 |
| MCB | 00003 | 8,100 | +0 | +0.00% | 8,100 | 8,100 | 8,100 | 3 | 24,300 | 10,400,986 | 84,248 |
| FPB | 00004 | 22,000 | +0 | +0.00% | 22,000 | 22,000 | 22,000 | 2 | 44,000 | 2,472,053 | 54,385 |
| TMH | 00005 | 2,750 | +0 | +0.00% | 2,750 | 2,750 | 2,750 | 2 | 5,500 | 12,823,224 | 35,264 |
| EFR | 00006 | 3,100 | +0 | +0.00% | 3,100 | 3,100 | 3,100 | 1 | 3,100 | 19,977,223 | 61,929 |

## Market summary

As of 13th Oct. 2020

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 435.68 | -0.52 | -0.12% | 434.38 | 435.68 | 434.38 | 1,313 | 12,284,350 | 6 | 648,280 |

### Index chart




## Market Overview

As of 1:00 pm, 13th Oct. 2020

| MYANPIX | 435.68 ▼ 0.52 |
|---|---|
| Total Volume (shares) | 1,313 |
| Total Value (MMK) | 12 mil |
| Listed Company | 6 |
| Market Cap. (MMK) | 648,280 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,900 | ▼ 100 |
| MTSH | 00002 | 3,700 | ▲ 50 |
| MCB | 00003 | 8,100 | ▲ 0 |
| FPB | 00004 | 22,000 | ▲ 0 |
| TMH | 00005 | 2,750 | ▲ 0 |
| EFR | 00006 | 3,100 | ▲ 0 |